## အချက်အလက်များ



# MEDICARE မရှိသည့်အခါ HIV ကုသမှု

Burmese | ဗမာ

## MEDICARE ဆိုသည်မှာ အဘယ်နည်း။

**Medicare** ဆိုသည်မှာ ဩစတြေးလျနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစနစ်တစ်ခု ဖြစ်သည်။ ၎င်းက **HIV** ဝန်ဆောင်မှုများနှင့် ဆေးဝါးများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုအများစုကို အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ပံ့ပိုးပေးသည်။

## MEDICARE မည်သူ ရရှိနိုင်သနည်း။

ဩစတြေးလျနိုင်ငံသားများ၊ အမြဲနေထိုင်သော ဩစတြေးလျသားများ (သို့မဟုတ် အချို့ အနေအထားများတွင် အမြဲနေထိုင်ခွင့်ဗီဇာ လျှောက်ထားသူများ)၊ ဩစတြေးလျ၌ နေထိုင်သည့် နယူးဇီလန်နိုင်ငံသားများနှင့် ဩစတြေးလျနှင့် **Reciprocal Healthcare Agreement** (အပြန်အလှန် ကျန်းမာရေးစောင့်ရှောက်မှုသဘောတူညီချက်)ရှိသော နိုင်ငံမှ လူများ **Medicare** ရရှိနိုင်ပါသည်။

(ဩစတြေးလျတွင် အလုပ်လုပ်နေသော၊ ပညာဆည်းပူးနေသော သို့မဟုတ် အားလပ်ရက် ခရီးသွားနေသော) နိုင်ငံခြားခရီးသည်များသည် အများအားဖြင့် **Medicare** မရရှိနိုင်ပါ။ သင့် အနေဖြင့် **Medicare** မရရှိနိုင်လျှင် **HIV** ကုသမှုနှင့် စောင့်ရှောက်မှုရရှိနိုင်သည့် အခြားနည်းလမ်းများ ရှိပါသည်။

## RECIPROCAL HEALTHCARE AGREEMENT ဆိုသည်မှာ အဘယ်နည်း။

**Reciprocal Healthcare Agreement** သည် အခြားနိုင်ငံအနည်းငယ်မှ နိုင်ငံသားများ အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို ပံ့ပိုးပေးပါသည်။ သင်သည် **Reciprocal Healthcare Agreement** ရှိသည့် နိုင်ငံတစ်နိုင်ငံမှ ဖြစ်ပါက **Medicare** သည် **HIV** ကုသမှုနှင့် စောင့်ရှောက်မှုအတွက် ပံ့ပိုးပါသည်။ ၎င်းတွင် ဗီဇာအမျိုးအစားအားလုံး ကိုင်ဆောင်သူများ အကျုံးမဝင်ပါ။ **Reciprocal Healthcare Agreement** များနှင့် ပတ်သက်၍ အချက်အလက်များ သိရှိလိုပါက အဆုံး၌ပါရှိသော *အချက်အလက်များ ပိုမိုသိရှိရန်(အတွက်)* **QR** ကုတ်သို့ သွားရောက်ပါ။

## ကျွန်ုပ်သည် MEDICARE ရရှိရန် အရည်အချင်းမပြည့်မီပါက HIV ကုသမှုနှင့် ဝန်ဆောင်မှုများကို မည်သို့ရရှိနိုင်သနည်း။

သင့်ကျန်းမာရေးကို စောင့်ကြည့်ပြီး ဆေးဝါးများ ညွှန်ကြားပေးရန် HIV ဆရာဝန်နှင့် ပုံမှန်ပြသရန် လိုအပ်သည်။ **Medicare** မရှိလျှင် HIV ကုသမှုများမှာ အလွန်စျေးကြီးပြီး လူအများအပြား ကုန်ကျစရိတ်အပြည့်အဝပေးချေရန် မတတ်နိုင်ကြပါ။ သင်စစ်ဆေးရန် လိုအပ်သည့် သွေးစစ်ဆေးမှုအချို့မှာလည်း အလွန်စျေးကြီးပါသည်။

ကုသမှုနှင့် စောင့်ရှောက်မှုကို စျေးသက်သက်သာသာဖြင့်ရရှိရန် ကြိုးစားကြည့်နိုင်သည့် အခြားနည်းလမ်းအချို့ရှိပါသည်။

### *ဖက်ဒရယ်ငွေကြေးထောက်ပံ့မှု သဘောတူညီချက်*

**Federation Funding Agreement** (ဖက်ဒရယ်ငွေကြေးထောက်ပံ့မှု သဘောတူညီချက် -FFA) မှ **Medicare** မရှိသည့် HIV ရှိသူများအတွက် HIV ကုသမှုကို အခမဲ့ သို့မဟုတ် တန်ဖိုးသင့်စျေးနှုန်းဖြင့် ရရှိရန် ထောက်ပံ့ပေးပါသည်။ HIV ကုသမှုများကို အစိုးရမှငွေကြေးထောက်ပံ့ထားသည့် ဆေးရုံဆေးဆိုင်များ သို့မဟုတ် အခြားနေရာများမှတစ်ဆင့် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ရရှိနိုင်သည်။ ထပ်လောင်းအချက်အလက်များအတွက် အောက်တွင် ကြည့်ပါ သို့မဟုတ် အကူအညီပေးသူ **(Peer Navigator)** နှင့် ဆွေးနွေးပါ။

### *လိင်ကျန်းမာရေး စင်တာများ*

ဤစာရေးသားချိန်တွင် လိင်ကျန်းမာရေး ဌာနများ **(Sexual Health Centres)** မှ ဗစ်တိုးရီးယားပြည်နယ်တွင် နေထိုင်သည့် **Medicare** မရှိသော လူနာအချို့ကို စောင့်ရှောက်မှုနှင့် ကုသမှု အခမဲ့ပံ့ပိုးပေးပါသည်။ သို့သော် ဤလူနာများသည် ဆေးဝါးအမျိုးအစား အစုံအလင်ကို ရရှိမည်မဟုတ်ပါ။

### *HIV ဆေးဝါးများကို သင်၏မိခင်နိုင်ငံမှ တင်သွင်းခြင်း (ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်)*

ဩစတြေးလျနိုင်ငံ၏ ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်အရ သင်၏ HIV ဆေးဝါးများကို သင်၏မိခင်နိုင်ငံမှ ပေးပို့နိုင်သည်။ သင်၏ဆေးဝါးများကို သင်၏မိခင်နိုင်ငံရှိ ဆေးရောင်းသူ၊ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းတစ်ဦးမှ ပေးပို့နိုင်သည်။ တစ်ကြိမ်လျှင် သုံးလစာသာ တင်ပို့နိုင်ပါသည်။ ယင်းမှာ အွန်လိုင်းမှ အလားတူဆေးဝါးဝယ်ယူခြင်းထက် ဈေးသက်သာနိုင်ပါသည်။ သင့်ကျန်းမာရေးကို စစ်ဆေးရန် ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးနှင့် ပြသရန် လိုအပ်ပါမည်။ ယင်းအတွက် ငွေပေးချေရမည်ဖြစ်သည်။

### *အလားတူဆေးဝါးများ တင်သွင်းခြင်း*

အလားတူ HIV ကုထုံးကို အွန်လိုင်းဆေးဆိုင်များမှ ဝယ်ယူနိုင်သည်။ ယင်းမှာ ဆေးဝါးအမှတ်တံဆိပ်များကို ဩစတြေးလျ ဆေးဆိုင်များမှ ဝယ်ယူခြင်းထက် ပို၍ဈေးသက်သာပါသည်။ ယင်းကို အပေါ်မှာဖော်ပြထားသည့် ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်ကို အသုံးပြု၍ တင်သွင်းနိုင်သည်။ ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးမှ ဆေးညွှန်းရရှိရန် လိုအပ်ပါသည်။ တစ်ကြိမ်လျှင် သုံးလစာဖို့သာ ဝယ်ယူနိုင်ပါသည်။ ဆေးဝါးအားလုံး အလားတူဆေးပုံစံဖြင့် မရရှိနိုင်ပါ။ သင့်ကျန်းမာရေးကို စောင့်ကြည့်ရန် ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးနှင့် ပြသရန် လိုအပ်ပါမည်။ ယင်းအတွက် ငွေပေးချေရမည်ဖြစ်သည်။

ဆေးဝါးများကို ယုံကြည်စိတ်ချရသည့် ဝက်ဘ်ဆိုက်များမှ ဝယ်ယူရန် အရေးကြီးပါသည်။ **World Health Organization (WHO)** မှ ဘေးကင်းပြီး စိတ်ချရသော HIV ဆေးဝါးများကို အတည်ပြုပေးပါသည်။ WHO အတည်ပြု အလားတူဆေးဝါးများကို ဝယ်ယူသည့်အခါ အစွမ်းထက်သော ကုသမှုများကို ရရှိရန် မျှော်မှန်းနိုင်သည်။

ယုံကြည်စိတ်ချရသော အွန်လိုင်းဝက်ဘ်ဆိုက်လင့်ခ်များအတွက် အဆုံး၌ပါရှိသော *အချက်အလက်များ* QR ကုတ်သို့ သွားရောက်ပါ။

***HIV ကုသမှုကို ပံ့ပိုးပေးသည့် ဆေးခန်းစမ်းသပ်ချက်တစ်ခုတွင် ပါဝင်ခြင်း***

တစ်ခါတစ်ရံတွင် **Medicare** မရရှိနိုင်သည့် **HIV** ရှိသူများသည် ဆေးခန်းစမ်းသပ်မှုအစီအစဉ်တွင် ပါဝင်ခြင်းဖြင့် ကုသမှုနှင့် စောင့်ရှောက်မှုကို ရရှိနိုင်သည်။

***နိုင်ငံခြားကျန်းမာရေး အာမခံ***

သင့်တွင် ဩစတြေးလျတွင် ပညာသင်ကြားရန် နိုင်ငံတကာကျောင်းသားများ ရှိရန် လိုအပ်သည့် နိုင်ငံခြားခရီးသည် ကျန်းမာရေးအာမခံရှိလျှင် ယင်းသည် **HIV** ဝန်ဆောင်မှုများနှင့် ကုသမှုအတွက် အကျုံးဝင်နိုင်သည်။ **HIV** နှင့်ပတ်သတ်သော ကျန်းမာရေးအာမခံမှု ကို မပံ့ပိုးပေးနိုင်သည့်အတွက် သင့်အနေဖြင့် စစ်ဆေးရန် လိုအပ်သည်။

## HIV ဆေးခန်းတစ်ခု ရှာရမည့်နေရာ

သင့်အနေဖြင့် **HIV** ကုသမှုကို ဆေးရုံအခြေပြု ဆေးခန်းများ၊ **Melbourne Sexual Health Centre** (မဲလ်ဘုန်း လိင်ကျန်းမာရေး စင်တာ)နှင့် **HIV** ကို အထူးလေ့လာထားသည့် **HIV S100** ဆေးပေးသူဟုခေါ်သော အထွေထွေကုသရေး ဆရာဝန်များ **(GPs)** ထံမှ ရရှိနိုင်သည်။ သင့်ဒေသအတွင်း **HIV S100** ဆေးပေးသူတစ်ဦး ရှာဖွေရန် အဆုံး၌ပါရှိသော *အချက်အလက်များပိုမိုသိရှိရန်(အတွက်)* **QR** ကုတ်သို့ သွားရောက်ပါ။

## အချက်အလက်များပိုမိုသိရှိရန်

living positive victoria

ViiV Healthcare